# Niigata University



မင်္ဂလာပါမြန်မာလို့ နီဂတ,တက္ကသိုလ်မှ နှုတ်ခွန်းဆက်သအပ်ပါသည်။

နီဂတမြို့၏တည်နေရာကို သင်သိပါသလား။

နီဂတမြို့သည် တိုကျိုမြို့၏ မြောက်ဘက်၊ ကီလိုမီတာ(၃၀၀) အကွာ၌တည်ရှိပြီး ၂၀၂၀ ပြည့်နှစ်၊ အိုလံပစ်ပွဲတော်ကျင်းပမည့်နေရာလည်း ဖြစ်ပါသည်။ တိုကျိုမြို့မှ ရှင်းကန်ဆန် ရထားဖြင့် သော်လည်းကောင်း၊ ဘတ်(စ်)ကားဖြင့်သော်လည်းကောင်း၊ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပါသည်။ နီဂတခရိုင်သည် ဆန်နှင့်ဂျပန်ရိုးရာအရက်(ဆာကေး)တို့အလွန်အရသာကောင်းမွန်ကြောင်း ထင်ရှားသောခရိုင်ဖြစ်ပါသည်။ ဆီးနှင်းများ ထူထပ်စွာကျဆင်းသောနေရာတစ်ခုအဖြစ် ထင်ရှားသော်လည်း နီဂတမြို့၏တည်နေရာသည် ပင်လယ်ကမ်းရိုးတန်းတွင်ရှိနေသောကြောင့် ဆောင်းတွင်း၌နှင်းများပုံနေသောအဖြစ်မှာဖြစ်ခဲပါသည်။ ထို့ကြောင့် နေရထိုင်ရအဆင်ပြေသောမြို့တစ်မြို့ဖြစ်ပါသည်။

နီဂတတက္ကသိုလ်ကို ၁၉၄၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး (Faculty) မဟာဌာနကြီး (၁၀) ခုနှင့် ပညာရပ်ဆိုင်ရာအမြင့်ဆုံးဘွဲ့အပ်နှင်းသောဘွဲ့လွန်ကျောင်း (Graduate School) (၅) ခုရှိပါသည်။ ကျောင်းသား (၁၂၅၀၀)ဦးခန့် ပညာသင်ကြားလျက်ရှိပြီး မြန်မာနိုင်ငံမှကျောင်းသား(၆)ဦးအပါအဝင် နိုင်ငံပေါင်း(၃၄)နိုင်ငံမှ နိုင်ငံခြားသားကျောင်းသားပေါင်း (၅၀၀)ဦးရှိပါသည်။

နီဂတတက္ကသိုလ်တွင် ဂျပန်ဘာသာကို သင်ကြားပေးသောအတန်းများရှိသောကြောင့် ဂျပန်ဘာသာစကားအခက်အခဲရှိသော ကျောင်းသားများအနေဖြင့် အဓိကဘာသာရပ်နှင့်အတူ ဂျပန်ဘာသာကိုလည်းလေ့လာသင်ယူနိုင်ပါသည်။ နီဂတတက္ကသိုလ်တွင် ကျောင်းလခကင်းလွတ်ခွင့်လျှောက်ထားနိုင်သောစနစ်ရှိသည့်အပြင် ပညာသင်ဆုကိုလည်း ကျောင်းသားအဖြစ်စာရင်းသွင်းပြီးနောက်ပိုင်းတွင်လျှောက်ထားခွင့်ရှိပါသည်။ အဆိုပါစနစ်များသည် ကျောင်းသားများနေ့စဉ်နေထိုင်မှုစရိတ်ကာမိစေရန် အထောက်အကူပြုပါသည်။

နေရေးထိုင်ရေးအတွက်လည်း ကျောင်းသား/ကျောင်းသူအဆောင်များအပြင် တက္ကသိုလ်အနီးဝန်းကျင်တွင် ဈေးနှုန်းချိုသာသော အဆောင် / တိုက်ခန်းများရှိပါသည်။ အဆောင်/တိုက်ခန်းများ၏ အသက်သာဆုံးဈေးနှုန်းမှာ ယန်း(၁၀၀၀၀) ဝန်းကျင်ရှိပါသည်။ ထို့ကြောင့် ကျောင်းသားကျောင်းသူများအတွက် တိုကျိုမြို့နှင့်နှိုင်းယှဉ်လျှင် အလွန်သက်သာသောဈေးနှုန်းဖြင့် နေထိုင်နိုင်ပါသည်။

အကယ်၍ ဂျပန်တွင်ကျောင်းတက်ရင်း အလုပ်လုပ်ကိုင်လိုပါက နီဂတမြို့၌ ကျင်းပပြုလုပ်သောအလုပ်အကိုင်ရှာဖွေရေးအစီအစဉ်ကိုတက်ရောက်နိုင်ပါသည်။ အထက်တွင်ဖော်ပြထားသောအချက်များအပြင် ကျောင်းသူ၊ ကျောင်းသားများအတွက် လုံခြုံရေး၊ ကျန်းမာရေးနှင့် ပျော်ရွှင်သောနေထိုင်မှုရရှိစေရန် နီဂတတက္ကသိုလ်တွင် အမျိုးမျိုးသောပံ့ပိုးမှုစနစ်များလည်း ရှိပါသည်။

ကျွန်ုပ်တို့ သတင်းကောင်းပါးလိုပါသည်။

ဩဂုတ်လ(၁၈)ရက်၊ စနေနေ့တွင် ၂၀၁၈ ခုနှစ်၊ ဂျပန်ပညာရေးပွဲတော်ကို Hotel Novotel Yangon Max ၌ကျင်းပမည်ဖြစ်ပါသည်။ နီဂတ,တက္ကသိုလ်အနေဖြင့် သင့်အားတွေ့ဆုံနိုင်ဖို့စောင့်မျှော်လျက်ရှိပါသည်။

# Ritsumeikan University



ရီဆုမဲခန်တက္ကသိုလ်သည် ယခုနှစ်တွင် ကျောင်းတည်ထောင်ခြင်း ၁၁၈ နှစ်ပြည့်မြောက်တော့မည်ဖြစ်သော ပုဂ္ဂလိကတက္ကသိုလ်ကြီးဖြစ်သည်။ ဂျပန်တစ်နိုင်ငံလုံးတွင် ပညာတော်သင်ကျောင်းသား အများဆုံးလက်ခံရာ ကျောင်းများအနက်မှ ကိုးခုမြောက်ဖြစ်သည်။ ၂၀၁၇ ခုနှစ် မေလအထိ မြန်မာနိုင်ငံမှပညာတော်သင်ကျောင်းသား ၂၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။ ကျိုတို၊ အိုဆာ ကာ၊ ရှိဂ စသည့်ကျောင်းပုရဝုဏ်များတွင် ဌာနခွဲ ၁၅ ခု၊ သုတေသနဌာနပေါင်း ၂၀ ရှိသည်ဖြစ်ရာ နယ်ပယ်အသီးသီးတွင် လေ့လာရေးနှင့် သုတေသနပြုလုပ်နိုင်မည်ဖြစ်သည်။

**ရီဆုမဲခန် တက္ကသိုလ်၏အားသာချက်များ**

ရီဆုမဲခန်တက္ကသိုလ်သည် ဂျပန်အစိုးရကအသိအမှတ်ပြုထားသော ဂျပန်တွင် ၃၇ ကျောင်းအထိရှိသည့် SGU (Super Global University) အဖြစ်သတ်မှတ်ထားခြင်းခံရပြီး ပညာတော်သင်ကျောင်းများအတွက် အထူးသင့်လျော်စေမည့် သင်ခန်းစာအကြောင်းအရာများ၊ ကျောင်းသားလက်ခံမှုများတွင် များစွာသတင်းမွှေးလျက်ရှိပါသည်။ ဘွဲ့ရယူသည်အထိ အင်္ဂလိပ်ဘာသာစကားဖြင့်သာ လေ့လာနိုင်မည့် သင်ခန်းစာများကို မိတ်ဆက်ရမည်ဆိုလျှင် တက္ကသိုလ်တန်းများတွင် နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ သတင်းအချက်အလက် သိပ္ပံနှင့်နည်းပညာ စသည့်မေဂျာသုံးခု၊ မဟာတန်းတွင်တော့ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဘောဂဗေဒ၊ နိုင်ငံရေးသိပ္ပံ၊ ဇီဝသိပ္ပံ၊ သတင်းအချက်အလက် သိပ္ပံနှင့်နည်းပညာ၊ အင်ဂျင်နီယာသိပ္ပံ စသည့်မေဂျာ ၆ ခုကို အင်္ဂလိပ်ဘာသာဖြင့် ဘွဲ့ရသည်အထိလေ့လာနိုင်ပါသည်။ တဖန် နိုင်ငံပေါင်းများစွာမှလာရောက်ပညာလေ့လာနေကြသော ပညာတော်သင်ကျောင်းသားများ၏အဆောင်များလည်းရှိနေပြီး နိုင်ငံပေါင်းစုံချစ်ကြည်ရေးဖလှယ်မှုအခမ်းအနားများကိုလည်း ကျင်းပပေးလျက်ရှိပါသည်။ ပညာတော်သင်ထောက်ပံ့ကြေးနှင့် အခွန်လျှော့ချပေးသည့်စနစ်စသည်ဖြင့် ပြည့်စုံအောင်စီမံပေးထားပြီး စီးပွားဆိုင်ရာအထောက်အပံ့အဖြစ်လည်း တစ်တပ်တစ်အားပါဝင်ကူညီအားဖြည့်ပေးနေပါသည်။

***လျှောက်လွှာတင်ရန်နှင့် ပညာတော်သင်ထောက်ပံ့ကြေး**

လျှောက်လွှာတင်ခြင်းသည် ဌာနခွဲများ၊ သင်ကြားရေးဌာနများ၊ ပညာတော်သင်ထောက်ပံ့ကြေးပါဝင်သော ဝင်ခွင့်စာမေးပွဲများပေါ်မူတည်ပြီးကွာခြားပါသည်။ အသေးစိတ်ကို တက္ကသိုလ် Website တွင် လေ့လာနိုင်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် http://en.ritsumei.ac.jp/admissions/
ဂျပန်ဘာသာဖြင့် http://www.ritsumei.ac.jp/admission-student/

*မေးမြန်းစုံစမ်းရန် (ဂျပန်ဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် မေးမြန်းနိုင်ပါသည်။)
တက္ကသိုလ်တန်းများ - ကျောင်းဝင်ခွင့်စင်တာ hello@st.ritsumei.ac.jp
မဟာတန်းများ - BKC နိုင်ငံတကာသင်ကြားရေးစင်တာ cger-bkc@st.ritsumei.ac.jp

# ဂျပန်ပညာတော်သင်အစီအစဉ်

မသေမချာနဲ့ ဂျပန်နိုင်ငံကိုပညာသင်သွားကြည့်ချင်တယ်လို့ တွေးတဲ့သူတွေအတွက်၊ ဘယ်လိုအစီအစဉ်ကိုဆွဲကြမလဲဆိုတာကို အတူတူစဉ်းစားကြည့်ရအောင်။ အစီအစဉ်ဆွဲထားခြင်းဟာ အောင်မြင်မှုရဲ့ သော့ချက်ပဲဖြစ်တယ်။ အောက်ပါအချက်(၆)ချက်ကို စဉ်းစားကြည့်ရအောင်။

① **Why**

**ပညာသင်ယူချင်ရတဲ့ရည်ရွယ်ချက်ကဘာလဲ? သင်ရည်မှန်းထားတဲ့အနာဂတ်အလုပ်အကိုင်မှာ ဘယ်လိုမျိုးအရည်အချင်း၊ စွမ်းရည်တွေ လိုအပ်ပါသလဲ ?**

A: ဒီဂရီတွေ၊ အောင်လက်မှတ်တွေလိုချင်ပါက ⇒ ဒီဂရီဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဥပစာကောလိပ်တွဲဖက်ဒီဂရီ၊ အသက်မွေးဝမ်းကျောင်းပြီးဆုံးကြောင်းလက်မှတ်

B: ကာလတိုပညာသင်အတွေ့အကြုံယူချင်ပါက ⇒ တက္ကသိုလ်တွင်ကာလတိုပညာသင်ကြားခြင်း၊ Exchange Studying ။

C: ဂျပန်ဘာသာစကားသင်ယူလိုပါက ⇒ ဘာသာစကားကျောင်း။

② **Where**

**ဘယ်လို ပညာရေးအဖွဲ့အစည်းမှာ သင်ယူတာကောင်းသလဲ ?**

A: ဂျပန်ဘာသာ အရည်အချင်းပြည့်မှီသည့်သူ၊ အင်္ဂလိပ်ဘာသာဖြင့်သင်ယူနိုင်သည့်အတန်းတွင်တက်ရောက်လိုသူ။

⇒ အမိနိုင်ငံမှတိုက်ရိုက် ဂျပန်ရှိတက္ကသိုလ်နှင့် သက်မွေးပညာသင်ကျောင်းတွင် ကျောင်းတက်ရောက်ခြင်း။

B: ဂျပန်စာသင်ယူပြီးနောက် တက္ကသိုလ်နှင့်သက်မွေးပညာသင်ကျောင်းတွင် ပညာဆက်လက်သင်ယူလိုသူ

⇒ ဦးစွာဘာသာစကားကျောင်းတွင်ပညာသင်ကြားပြီး နောက်ပိုင်းတွင် သက်မွေးပညာသင်ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်၊ ဘွဲ့လွန်တက္ကသိုလ်သို့ ကျောင်းဆက်တက်ခြင်း။

C: ဂျပန်ဘာသာစကားသာသင်ယူချင်သူ

⇒ ဂျပန်ဘာသာစကားကျောင်းသို့ ကျောင်းဆက်တက်ခြင်း။

③ **How Long?**

**ဘယ်လောက် ကြာကြာသင်ယူဖို့ လိုအပ်လဲ ?**

⇒ သက်မွေးပညာသင်ကျောင်း - ၂ နှစ် ~ ၃နှစ်၊ ကောလိပ် ၂ နှစ်၊ တက္ကသိုလ် ၄ နှစ်၊ ဘွဲ့လွန်မဟာဘွဲ့အတန်း ၂ နှစ်အထက်၊ ဘွဲ့လွန်ပါရဂူအတန်း ၃ နှစ်အထက်၊ ဂျပန်ဘာသာစကားကျောင်း ၂ နှစ်အတွင်း။

④ **What?**

**ဘာကိုသင်ယူချင်တာလဲ ? အထူးပြုဘာသာရပ်က ဘာကိုသင်ယူချင်တာလဲ ?**

Economic, Physics, Medicine, Architecture, Agriculture, Social Welfare, Design, Art, Education, Sociology, Informatics, Environmental Studies, Anime, Game စသည့်ဘာသာရပ်များ။

⑤ **When? ဘယ်တော့သွားမှာလဲ ?**

ဂျပန်နိုင်ငံရှိကျောင်းသည် ၄ လပိုင်းကျောင်းဝင်ခြင်းများပြီး အချို့တက္ကသိုလ်နှင့် ဘွဲ့လွန်တက္ကသိုလ်သည် စက်တင်ဘာ-အောက်တိုဘာလတွင် ကျောင်းဝင်လို့ရတာလည်းရှိပါသည်။ ပညာသင်သွားရန်ပြင်ဆင်မှုကိုသေချာလုပ်ပြီးမှသာ၊ ပညာသင်သွားရောက်စေချင်သည်။ အသေးစိတ်အစီအစဉ်မဆွဲရသေးသူနှင့် ဘာသာစကားစွမ်းရည်အတွက် စိတ်ပူပန်နေရသူသည် အခုအချိန်မှ ပြင်ဆင်မှုစတင်ကာ၊ ၁ နှစ်မှ ၂ နှစ်ကြာပြီးနောက်ပိုင်းမှသာ ပညာသင်သွားရောက်ဖို့ ကြံရွယ်တာကောင်းမည်ဟုထင်ပါသည်။

⑥ **How much? ဘယ်လောက်ကုန်ကျမလဲ ?**

လေယာဉ်စရိတ်မှာ ၅၀၀ ဒေါ်လာမှ ၁၂၀၀ ဒေါ်လာခန့်ရှိပါသည်။ ကျောင်းစရိတ်မှာ၊ တက်ရောက်မည့်တက္ကသိုလ်သည် ဒေသပိုင်တက္ကသိုလ် သို့မဟုတ် ပုဂ္ဂလိကပိုင်တက္ကသိုလ် ဆိုသည့်အပေါ်မူတည်ပြီး အပြောင်းအလဲရှိကာ နေထိုင်စားသောက်စရိတ် (အခန်းခ၊ စားသောက်စရိတ်စသည့်)သည် မြို့ကြီးလား၊ နယ်ဘက်ပိုင်းလားဆိုသည့်အပေါ်မူတည်ပြီး ပြောင်းလဲသည်။ ဘယ်နှနှစ်ပညာသင်အဖြစ် နေဖို့စီစဉ်ထားလဲအပေါ်မူတည်ပြီး ကုန်ကျငွေစုစုပေါင်းကလည်း ကွာခြားပါသည်။

OJEIC မှဖြန့်ဝေပေးသည့် Student Guide တွင် ကုန်ကျစရိတ်နှင့်ပတ်သက်သည့်အချက်အလက်ကို ထည့်သွင်းရေးသားထားသည့်အတွက် ထိုစာအုပ်မှ ခန့်မှန်းတွက်ချက်နိုင်ပါသည်။ ထိုမှနေပြီး စုထားတဲ့ငွေဖြင့်လောက်ရဲ့လား၊ မိသားစုမှငွေပို့ပေးနိုင်ပါ့မလား၊ အချိန်ပိုင်းအလုပ်ရဲ့စည်းမျဉ်းတွေက ဘယ်လိုလဲ၊ ပညာသင်ဆုကကောဘယ်လိုလဲ စသည်တို့ကိုရှာဖွေကြည့်ထားဖို့ လိုအပ်ပါသည်။

အသေးစိတ်အချက်အလက်သိရှိလိုသူ၊ တိုင်ပင်ဆွေးနွေးလိုသူသည်၊ OJEIC သို့လာရောက်နိုင်ပါသည်။ (လိပ်စာမှာအောက်ပါအတိုင်းဖြစ်သည်)။ ဂျပန်လူမျိုးနှင့် မြန်မာလူမျိုးဝန်ထမ်းများမှ မြန်မာဘာသာဖြင့် ဆွေးနွေးအကြံပေးပါမည်။ ထို့အပြင် ၁၈-၈-၂၀၁၈ (Sat)တွင် Novotel Hotel တွင် Study In Japan (Fair)ကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဂျပန်နိုင်ငံမှတက္ကသိုလ်၊ သက်မွေးပညာသင်ကျောင်း၊ ဂျပန်ဘာသာစကားကျောင်း စသည့်ပညာရေးအဖွဲ့အစည်း ၄၀ ကျော်မှ Booth များဖွင့်လှစ်ကာ အချက်အလက်မျှဝေခြင်းနှင့် ဆွေးနွေးအကြံပေးခြင်းများပြုလုပ်ပါမည်။ ထိုပွဲကိုလည်း မပျက်မကွက်တက်ရောက်ကြဖို့ တိုက်တွန်းအပ်ပါသည်။

OJEIC FACEBOOK ☞ https://www.facebook.com/StudyinJapanOfficeYangon/

☆ OJEIC(Okayama University Japan Educational Information Center)
Japan Culture House ၏ ဘေးအခန်းတွင်ရှိပါသည်။
3F, Bldg.-C, Pearl Condo, KabaAye Pagoda Rd., Yangon,
Tel: 09-2618-410-54
* တနင်္လာမှ စနေနေ့အထိ 9:00 ~ 17:00 * စနေနေ့လည်းရုံးဖွင့်ပါသည်။